

# မ္လိတ် ၊ မာရိတ် ၊ မြိတ်

မြိတ်မြို့ဆိုတာ မြန်မာနိုင်ငံရဲ့တောင်ဘက်အစွန် တနင်္သာရီကမ်းရိုးတန်းတစ်နေရာမှာ တည်ရှိနေတဲ့မြို့တစ်မြို့ ဖြစ်တယ်။ ပင်လယ်ပြင်ကို မေးတင်ပြီး တည်ရှိနေတာမို့ ထူးခြားတဲ့ရှုမျှော်ခင်းတွေ ပိုင်ဆိုင်ထားတဲ့ မြို့တစ်မြို့လည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့ ရောက်ဖူးသူတိုင်းက မြိတ်မြို့ကို မြန်မာနိုင်ငံရဲ့ မြို့အဝင်လှပဆုံးမြို့တစ်မြို့အဖြစ် သတ်မှတ်ပြောဆိုကြတာ နေမှာပါ။ ပြောမယ်ဆိုလည်း ပြောစရာပါပဲ။ မြိတ်မြို့ဆီကို

Tanintharyi Gallary

ရေလမ်းခရီးကနေ လာသူတိုင်း မြို့အဝင်အလှရှုခင်းကို ကောင်းကောင်းကြီး ခံစားတွေ့ရှိနိုင်ပါတယ်။ ဒီလိုမှမဟုတ်ဘဲ မြို့နဲ့အနီးကပ်ဆုံးဖြစ်တဲ့ ပထော် - ပထက်ကျွန်းဆီအရောက်သွားလို့ မြိတ်မြို့ကို လှမ်းကြည့်လိုက်မယ်ဆိုရင်လည်း စိမ်းလဲ့လဲ့ပင်လယ်ပြင်ကြီးကို ရင်မှာပွေ့ပိုက်ထားတဲ့ မြို့ရဲ့အလှအပကို ထင်ရှားစွာ တွေ့မြင်ရမှာပါပဲ။ အဲဒီလိုတွေ မြင်တွေ့ခံစားလိုက်ရပြီ ဆိုရင်တော့ မြိတ်မြို့ဟာ တခြားဘယ်မြို့နဲ့မှမတူအောင် ထူးထူးခြားခြား လှပတယ်ဆိုတာကို လက်ခံလိုက်ရတော့တာပါ။

မြို့နာမည်က မြိတ် တဲ့။ မြန်မာဆန်ပြီး ထူးခြားတဲ့နာမည်လေးဖြစ်ပါတယ်။ အစွန်အဖျားလို့ အဓိပ္ပာယ်ဆောင်နေတဲ့ မြိတ်မြို့လေးက မြန်မာနိုင်ငံရဲ့ တောင်ဘက်အစွန်အဖျားကမ်းရိုးတန်းတစ်နေရာမှာ ရှိနေတာပါ။ အထက်မြန်မာပြည်က လူတွေက တနင်္သာရီတိုင်းဒေသကြီးထဲမှာ ရှိနေကြတဲ့ တခြားမြို့တွေထက် မြိတ်မြို့ကို ပိုပြီး လူသိများကြပါတယ်။

တကယ်တော့ မြိတ်မြို့ကို လူသိများတာက အဆန်းတော့မဟုတ်ပါဘူး။ မြိတ်မြို့ဆိုတာ မြန်မာနိုင်ငံထဲက တည်ရှိပုံထူးခြားပြီး လှပတဲ့ မြို့တစ်မြို့ ဖြစ်သလို သမိုင်းမှတ်တမ်းများမှာလည်း ထင်ရှားပေါ်လွင်လို့ နေပါတယ်။ သမိုင်းကြောင်းတစ်လျှောက် ထင်ရှားပေါ်လွင်နေတဲ့ မြိတ်မြို့ရဲ့ အပြောင်းအလဲတွေက သိပ်ကို စိတ်ဝင်စားဖို့ ကောင်းပါတာပါ။ ဒါတွေနဲ့ ပတ်သက်တဲ့ သမိုင်းသဲလွန်စတွေကိုလည်း မြိတ်မြို့နဲ့အနီးတဝိုက်မှာ ပေါပေါများများ တွေ့နေရပါတယ်။ အဲဒီလို ထင်သာမြင်သာရှိတဲ့ သမိုင်းလက်စလက်နတွေ ရှိနေတာအပြင် မြိတ်မြို့အမည်ပြောင်းလဲမှုနဲ့ ဆက်စပ်နေတဲ့ သမိုင်းအကြောင်းအရာများကိုလည်း သမိုင်းမှတ်တမ်းများမှာ ထင်

ထင်ရှားရှားရှိနေတာကို လေ့လာမှတ်သားရဖူးပါတယ်။



သိမ်ကြီးတောင်ပေါ်မှ မြင်ရတဲ့ မြိတ်မြို့ရှုခင်း

## ယိုးဒယားတို့ရဲ့ မာရိတ်

ပုဂံခေတ် အစောပိုင်းကတည်းက မြန်မာနိုင်ငံရဲ့ ဧရိယာအတွင်းမှာ ပါဝင်ပြီးသားဖြစ်နေတဲ့တနင်္သာရီဒေသဟာခေတ်အဆက်ဆက်ဗဟိုအစိုးရနဲ့ လှမ်းဝေးတဲ့နေရာမှာ တည်ရှိနေတာမို့ ပြည်တွင်းရေး မငြိမ်မသက်ဖြစ်နေတဲ့ အချိန်များနဲ့ အချင်းချင်းအားပြိုင်ပြီး သူတစ်လူ ငါတစ်မင်းဖြစ်နေတဲ့ အခါများမှာ အိမ်နီးချင်းတစ်ဖက်နိုင်ငံရဲ့ ဝင်ရောက်ချုပ်ကိုင်မှုများကို မကြာခဏဆိုသလို ခံရလေ့ရှိပါတယ်။ အဲဒီလို ယိုးဒယားတို့ ဝင်ရောက်အုပ်စိုးနေခဲ့တာ ခဏတာအချိန်တွေ ရှိခဲ့သလိုမျိုး မြို့ပြတွေ တည်ထောင်ပြီး

အတည်တကျ နေထိုင်ကြတဲ့အထိ အချိန်ကာလကြာမြင့်စွာ အုပ်စိုးခဲ့တာမျိုး လည်း ရှိပါတယ်။ အခုလက်ရှိ မြိတ်မြို့ကိုလည်း ယိုးဒယားတို့က အေဒီ 1533 ခုနှစ်ခန့်မှာ ဆိပ်ကမ်းမြို့အဖြစ် တည်ခဲ့ပြီး အနီးအနားဒေသတစ်ခုလုံးကို အုပ်စိုးချုပ်ကိုင်ထားခဲ့တယ်လို့ ဆိုပါတယ်။

ပင်လယ်ဝကနေ တနင်္သာရီမြို့ကို ဆက်သွယ်သွားလာတဲ့ မြစ်ကြောင်း တစ်လျှောက် သောင်ထွန်းမှုတွေ ဖြစ်ပေါ်လာပြီး ကုန်သင်္ဘောများ သွားလာ ရခက်ခဲ့လာတဲ့အခါ အဲဒီအချိန်က အုပ်စိုးနေခဲ့တဲ့ ယိုးဒယားတွေဟာ အခု လက်ရှိ မြိတ်မြို့နေရာမှာ သင်္ဘောဆိုက်ကပ်ရာ ဆိပ်ကမ်းမြို့အဖြစ် မြို့သစ် တစ်မြို့ကို ပြောင်းရွှေ့တည်ထားခဲ့တယ်လို့ ဆိုပါတယ်။ တကယ်တော့ ယိုးဒယားတို့ မရောက်ခင်ကတည်းက မြိတ်မြို့ဖြစ်လာမယ့်နေရာမှာ ဒေသခံများနဲ့ ကူးသန်းရောင်းဝယ်ကြသူများ အခြေချနေထိုင်မှုများ ရှိနေ ပြီးသား ဖြစ်ပုံရပါတယ်။ အဲဒီဒေသက လူတွေဟာ ကုန်းတွင်းပိုင်းသွားလာ မှုများနဲ့ ကုန်ကူးသန်းကြတဲ့အခါများမှာ မြင်းတွေကို အဓိကအသုံးပြုပြီး သွားလာခဲ့ပုံရတယ်လို့လည်း တချို့သုတေသီတို့က ယူဆကြပါတယ်။ ဒါ ကြောင့်မို့ ယိုးဒယားတို့ဟာ မြင်းတွေပေါတဲ့ဒေသ၊ မြင်းချည်တောင် ( ခယ် တောင် ) ရှိတဲ့နေရာမှာ သူတို့ အသစ်တည်ထောင်လိုက်တဲ့ မြို့ကို "မာရိတ်" ( မြင်းချည်တိုင် ) ဆိုတဲ့ နာမည်တွင်စေခဲ့ပုံရတယ်လို ယူဆကြ တာပါ။

သက္ကရာဇ် ၁၃၂၁ ခုနှစ်မှာတော့ တတိယမြန်မာနိုင်ငံကို စုစည်း တည်ထောင်ခဲ့တဲ့ အလောင်းမင်းတရားကြီးဟာ မာရိတ်မြို့အပါအဝင် တနင်္သာရီဒေသကြီးတစ်ခုလုံးကို တိုက်ခိုက်သိမ်းယူခဲ့ပါတယ်။ ယိုးဒယားတို့ တည်သွားခဲ့တဲ့ မာရိတ်မြို့ကို မြန်မာတို့ပြန်လည် တိုက်ခိုက်အရယူခဲ့ပြီး



သိမ်ကြီးတောင်ဘုရားရှိ သိမ်အတွင်းမှ ဆင်းတုတော်ကြီး

တည်သွားခဲ့တဲ့ မာရိတ်မြို့ကို မြန်မာတို့ ပြန်လည်တိုက်ခိုက်အရယူခဲ့ပြီး နောက်ပိုင်း ကုန်းဘောင်ခေတ်မင်းအဆက်ဆက်မှာ မြန်မာမြို့စားတွေကို ခန့်ထားပြီး အုပ်ချုပ်ခဲ့တာပါ။ မြိတ်မြို့ဝန် ဥဒိန်ကျော်လက်ထက် သက္ကရာဇ် ၁၁၂၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ( ၇ ) ရက်နေ့မှာတော့ ယိုးဒယားတို့ အမည်ပေးခဲ့တဲ့ မာရိတ် ဆိုတဲ့မြို့နာမည်ကို ဖျက်သိမ်းပြီး မြိတ်မြို့အဖြစ် ပြောင်းလဲသတ်မှတ်ခဲ့တယ်လို့ သိရပါတယ်။ ဒါကတော့ ယိုးဒယားတို့ စတည်ခဲ့တဲ့ မာရိတ်မြို့ကနေ အခုချိန်ထိခေါ်ဆိုနေကြတဲ့ မြိတ်မြို့အဖြစ် ပြောင်းလဲလာပုံ သမိုင်းကြောင်းနဲ့ တချို့သုတေသီတို့ရဲ့ ယူဆချက်တွေ ဖြစ်ပါတယ်။

## ဆလုံ တိုင်းရင်းသားတို့ရဲ့ မ္လိတ်

တနင်္သာရီကမ်းရိုးတန်းဒေသအတွင်းက မြိတ်ကျွန်းစုများမှာ နေထိုင်ကြတဲ့ ဆလုံတိုင်းရင်းသားများက မြိတ်မြို့ကို မ္လိတ် ဆိုပြီး ခေါ်ဆိုကြောင်း သုတေသန စာတမ်းတစ်ခုမှာ ဖော်ပြပါတယ်။ အဲဒီ မ္လိတ် ဆိုတဲ့ နာမည်ကို တနင်္သာရီတိုင်းအတွင်း ဒေသခံတွေက လွဲလို့ တခြားနယ်သားတွေအနေနဲ့ အသံထွက်ခေါ်ဆိုဖို့ ခက်ခဲမှာပါ။ ဆလုံတိုင်းရင်းသားများ ခေါ်ခေါ်နေတဲ့ မ္လိတ် ရဲ့ အဓိပ္ပါယ်ဟာ "မြို့" လို့သာ အနက်ရပြီး တခြားထွေထွေထူးထူး အဓိပ္ပာယ် မထွက်ဘူးလို့လည်း ဆိုပါတယ်။ မြိတ် ဆိုတဲ့ စကားလုံးရဲ့ သမိုင်းနောက်ကြောင်းကို လေ့လာကြည့်ရမှာ ယိုးဒယားတွေ နာမည်ပေးခဲ့တယ်ဆိုတဲ့ "မာရိတ်" နဲ့ ဆလုံတိုင်းရင်းသားတွေ ခေါ်နေတဲ့ "မ္လိတ်" ဆိုတဲ့ နာမည်နှစ်



မြိတ်ကျွန်းစုများထဲက ကျွန်းရွာလေးတစ်ရွာ

မျိုးကို တွေ့ရပါတယ်။ ဒါကြောင့် ဒီနာမည်နှစ်ခုမှာ ဘယ်နာမည်က ပိုပြီး ရှေးကျသလဲ ဆိုတာနဲ့ ဘယ်ဟာက ပိုပြီး ယုတ္တိတန်တယ်ဆိုတဲ့ အချက်တွေကို ဆန်းစစ်သင့်ပါတယ်။



မြိတ်မြို့ဆိပ်ကမ်းတစ်နေရာ

တနင်္သာရီဒေသကို ယိုးဒယားတို့ ရောက်လာခဲ့တာဟာ အေဒီ 14 ရာစုထက် လုံးဝ မစောနိုင်ဘူးလို့ သုတေသီများက ယူဆကြပါတယ်။ ဒီလို ကောက်ချက်ချရမယ့် အကြောင်းရင်းကလည်း ရှိနေတာပါ။ တကယ်တော့ ယိုးဒယားတွေဟာ သူတို့နိုင်ငံရဲ့ တောင်ပိုင်းကို အလုံးအရင်းနဲ့ ရောက်လာကြပြီး အင်အားတောင့်တင်းတဲ့ ပထမဆုံးမင်းနေပြည်တော် (အယုဒ္ဓယမြို့ )

ကို အေဒီ 1351 ခုနှစ်မှာမှ တည်ဆောက်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒီအချက်ကို ထောက်ရရင်တော့ ယိုးဒယားတွေဟာ အဲဒီအချိန်ထက်စောပြီး ဘယ်နည်းနဲ့မှ မြန်မာနယ်မြေဘက်ကို ရောက်လာနိုင်စရာအကြောင်းမရှိဘူးလို့ ယူဆရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ယိုးဒယားတို့ မြန်မာနယ်ထဲကို ရောက်လာပြီး သူတို့ ဘာသာစကားနဲ့ မှည့်ခေါ်သွားခဲ့တဲ့ မာရိတ် ဆိုတဲ့ နာမည်ကလည်း အေဒီ 14 ရာစုထက်စောနိုင်စရာ အကြောင်းမရှိဘူးလို့ ကောက်ချက်ချရမှာ ဖြစ်ပါတယ်။

မြိတ်ကျွန်းစုဒေသတစ်လျှောက်မှာ နေထိုင်ကြတဲ့ ဆလုံတိုင်းရင်းသားတို့ရဲ့ မူလအမျိုးအနွယ်တွေဟာ အရှေ့တောင်အာရှတစ်ခုလုံးရဲ့ ဒုတိယ ရှေးကျဆုံး အမျိုးနွယ်တွေ ဖြစ်ကြတယ်လို့ ဆိုပါတယ်။ ဒါ့အပြင် ဆလုံတိုင်းရင်းသားတို့ရဲ့ ဘာသာစကားတွေမှာလည်း ဩစတြစ်အနွယ်ဝင် ရေပိုင်းနေတို့ရဲ့ ဘာသာစကားများ ပါဝင်နေပြီး တော်တော်ကို ရှေးကျတယ်လို့ သိရပါတယ်။ အဲဒီတော့ သမိုင်းမတိုင်မီ အချိန်တွေကတည်းက တနင်္သာရီကမ်းရိုးတန်းဒေသမှာ နေထိုင်ပြီးသား ဖြစ်နေပြီး သူတို့မှည့်ခေါ်ခဲ့တဲ့ မြိတ် ဆိုတဲ့နာမည်ဟာ တော်တော်ကို ရှေးကျတယ်လို့ ဆိုရမှာပါ။ တစ်နည်းအားဖြင့် ယိုးဒယားတွေ နာမည်ပေးခဲ့တဲ့ မာရိတ် ဆိုတာထက် အများကြီးစောပြီး ဆလုံတွေခေါ်တဲ့ "မြိတ်" ဆိုတဲ့နာမည်ဟာ မူလကတည်းက ရှိနေခဲ့တယ်လို့ မှတ်ယူရမှာ ဖြစ်ပါတယ်။

တကယ်တော့ ယိုးဒယားတွေဟာ သူတို့တည်ခဲ့တဲ့ မြို့သစ်ကို မာရိတ် ဆိုတဲ့ နာမည်ပေးခဲ့တာလည်း အမှန်ပဲ ဖြစ်မှာပါ။ ဒါပေမယ့်လည်း သူတို့ မရောက်လာခင်ကတည်းက နာမည်တွင်နေပြီးသားဖြစ်တဲ့ မြိတ် ဆိုတဲ့

အခေါ်ကို ယိုးဒယားဘာသာစကားနဲ့ အနီးစပ်ဆုံး အသံဖလှယ်လို့ မာရိတ် ဆိုပြီး နာမည်ပေးခဲ့တာသာ ဖြစ်မယ်လို့ ယူဆချင်ပါတယ်။ ဥပမာအားဖြင့် ထားဝယ်သူ ထားဝယ်သားတွေက သူတို့သွားရောက်ရွှေ့ပြောင်း နေထိုင်ပြီး အလုပ်လုပ်ခဲ့ကြတဲ့ ယိုးဒယားနိုင်ငံထဲက ကန်ချနဘူရီ(Kanchana Buri) နယ်ကို "ကန်ဘော်လီ" ဆိုပြီး အဆင်ပြေသလိုခေါ်ဆိုကြသလိုမျိုး ဖြစ်မယ် လို့ ထင်ပါတယ်။ ယိုးဒယားများ ရောက်လာတဲ့အချိန်မှာ မြင်းချည်တိုင်တွေ နေရာတိုင်းမှာ ရှိနေတာမို့ မြင်းချည်တိုင်လို့ အဓိပ္ပာယ်ရတဲ့ မာရိတ် ဆိုပြီး နာမည်မှတ်ခဲ့တယ်ဆိုတဲ့ အယူအဆက ယုတ္တိမတန်ဘူးလို့ ဆိုရမှာပါ။



မြိတ်မြို့ဆိပ်ကမ်းမှ လှမ်းဖူးမြင်ရတဲ့ ရွှေသာလျောင်းဘုရား



မြိတ်မြို့တွင်းတစ်နေရာ

ယိုးဒယားတို့ရဲ့ မာရိတ်မြို့ကို မြန်မာတွေ ပြန်ရပြီးနောက်ပိုင်း မြိတ်မြို့လို့ နာမည်ပြောင်းလဲ သတ်မှတ်ရာမှာလည်း မာရိတ် ဆိုတဲ့ အသံထွက်ကို မှီးယူတာ မဖြစ်နိုင်ပါဘူး။ မူလက ဆလုံတိုင်းရင်းသားတွေ ခေါ်နေတဲ့ မ္လိတ် ကနေ တိုက်ရိုက် ပြောင်းလဲယူတာပဲ ဖြစ်နိုင်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ ထားဝယ်စကား၊ မြိတ်စကားတို့မှာ ပါဝင်နေတဲ့ လဆွဲသံပါရှေးမြန်မာစကားလုံးတွေ ပြောင်းလဲပုံနဲ့ တူနေလို့ပဲ ဖြစ်ပါတယ်။ လဆွဲသံပါတဲ့ရှေးမြန်မာစကားကနေ ခေတ်မြန်မာစကားအဖြစ် ပြောင်းလဲမှုဖြစ်စဉ်မှာ အောက်က လဆွဲ (  - လွ ) ဟာ ( ြ-  ) အဖြစ် ပြောင်းလဲသွားတဲ့ သာဓကတွေ ထင်ထင်ရှားရှားရှိပါတယ်။ ဒါကြောင့် မ္လိတ် ဆိုတဲ့ စကားလုံးမှာ တွေ့ရတဲ့ အောက်က လဆွဲဟာ ( ြ  ) အဖြစ်သို့ ပြောင်းသွားပြီး မ္လိတ် ကနေ မြိတ်ဖြစ်လာတယ်လို့ တချို့သုတေသီတို့ ယူဆကြတာပါ။ ဒီအချက်က သဘာဝပိုကျပြီး လက်ခံချင်စရာလည်း ကောင်းပါတယ်။



သိမ်ကြီးတောင်သိမ်မျက်နှာကျက်မှ အနုလက်ရာများ

အချုပ်ဆိုရရင် ယိုးဒယားတို့ဟာ ခုလက်ရှိ မြိတ်မြို့နေရာမှာ မြို့သစ်တည်ခဲ့တယ်။ မြို့နာမည်ကိုလည်း အဲဒီအချိန်က ဒေသခံတွေ ခေါ်နေတဲ့ မ္ဘိတ် ဆိုတဲ့ နာမည်ကိုပဲ အခြေခံလို့ ယိုးဒယားအသံထွက်နဲ့ မာရိတ် ဆိုပြီး အမည်ပေးခဲ့တယ်။ ကုန်းဘောင်ခေတ် မြန်မာမင်းများ ပြန်လည်သိမ်းပိုက်



သိမ်ကြီးတောင် စေတီတော်

ပြီးတဲ့နောက်မှာ အဲဒီမြို့ကို မြိတ်မြို့ဆိုပြီး နာမည်ပြောင်းလဲသတ်မှတ်ခဲ့တယ်။ နာမည်ပြောင်းလဲသတ်မှတ်ရာမှာလည်း ယိုးဒယားတို့ရဲ့ မာရိတ်ကို အခြေခံပြီး ပြောင်းလဲတာမဟုတ်ဘဲ မူလတိုင်းရင်းသားတွေ ခေါ်ဆိုခဲ့တဲ့ မွိတ်

ဆိုတဲ့ မူရင်းနာမည်ကိုသာ အခြေခံလို့ မြိတ်မြို့အဖြစ် ပြောင်းလဲလာတာ ဖြစ်ကြောင်း သုတေသီများရဲ့ ယူဆချက်များကို အခြေခံပြီး တင်ပြလိုက်ရပါတယ် ခင်ဗျား။

( ရနောင် - ဒွယ် )

အကိုးအကား။ ။

- ဓာတ်ပုံကပြောသော မြိတ်သမိုင်းမှတ်တိုင်များ (မောင်ပြေချမ်း - မြိတ်)
- မြိတ်မြို့နယ်အသင်း နှစ်တစ်ရာပြည့်အထိမ်းအမှတ်မဂ္ဂဇင်း
- စစ်ရေး၊ နိုင်ငံရေး လူမှုရေးဆိုင်ရာ သမိုင်းစာတမ်းများ (ဗိုလ်မှူးဘရှင်)